# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တပ်မတော်က ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ အနှစ်ချုပ်

CENTRE FOR LAW AND DEMOCRACY

ဥပဒေနှင့် ဒီမိုကရေစီ စင်တာ
info@law-democracy.org
+1 902 431-3688
www.law-democracy.org

## ၂၀၂၁ ခုနှစ်၊ မေလ။

## အဓိက ပြင်ဆင်ချက်များ

**နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း (ပုဒ်မ ၁၂၁ ကို အစားထိုးခြင်း)-** ယခင်က "လက်နက်ဖြင့် (သို့) အခြား သောင်းကျန်းသော နည်းလမ်းဖြင့် ဖြိုဖျက်ရန် အားထုတ်လျှင်" ဟူ၍ ကန့်သတ်သော်လည်း ယခု ပြင်ဆင် ချက်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မကိုက်ညီသော နည်းလမ်း (သို့) အခြား မည်သည့် နည်းလမ်း ဖြင့်မဆို "ပြည်ထောင်စုနိုင်ငံ (သို့) ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခုကို" ပုန်ကန်ရန် ရည်ရွယ်သည့် ကြိုးပမ်းမှု မှန်သမျှကို ဟူ၍ အစားထိုးသည်။

- ပြစ်ဒဏ်မှာ ယခင်ကအတိုင်း သေဒဏ် (သို့) ထောင်ဒဏ် အနှစ် ၂၀ အထိ ချမှတ်သည်။
- နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်သူကို အားပေး (သို့) လက်သင့်ခံ (သို့) နှစ်သိမ့်စေလျှင် (ထောင်ဒဏ် အနှစ် ၂၀ အထိ) (သို့) သိလျက်နှင့် ထိန်ချန်လျှင် (ထောင်ဒဏ် ၇ နှစ်အထိ) ချမှတ်သည်။

**ဆူပူထကြွအောင် လှုံ့ဆော်ခြင်း (ပုဒ်မ ၁၂၄-က ကို အစားထိုးခြင်း)-** ယခင်က "အစိုးရကို မုန်းထားအောင် (သို့) မလေးစားအောင် (သို့) ထိုသို့ပြုရန်အားထုတ်လျှင် (သို့) မေတ္တာပျက်အောင် လှုံ့ဆော်လျှင် (သို့) ထိုသို့ လှုံ့ဆော်ရန် အားထုတ်လျှင်" ဟူသော ပြဋ္ဌာန်းချက်တွင် "တပ်မတော်" ပါ အကျုံးဝင်ကြောင်း ဖြည့်စွက်သည်။

- ပြစ်ဒဏ်မှာ ယခင်ကအတိုင်း အမြင့်ဆုံး ထောင်ဒဏ် အနှစ် ၂၀ အထိ ချမှတ်သည်။

**ဟန့်တားနှောင့်ယှက်ခြင်း (ပုဒ်မ ၁၂၄-ခ ၏ နောက်တွင် ပုဒ်မ ၁၂၄-ဂ ကို ဖြည့်စွက်ခြင်း)-** ယခု ပြင်ဆင်ချက်၌ "နိုင်ငံတော်တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ဆောင်ရွက်နေသော" တပ်မတော် (သို့) ဥပဒေစိုးမိုးရေးအဖွဲ့ အစည်းများ၏ အောင်မြင်မှု (သို့) စွမ်းဆောင်မှုကို ဖျက်ဆီးခြင်း (သို့) တားဆီးခြင်းသည် ရာဇဝတ်(ပြစ်မှု) ဖြစ် ကြောင်း ဖြည့်စွက်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တပ်မတော်က ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ အနှစ်ချုပ်

- ပြစ်ဒဏ်မှာ အနှစ် ၂၀ အထိ ထောင်ဒဏ် (သို့) ငွေဒဏ် (သို့) ဒဏ်နှစ်ရပ်လုံး ချမှတ်သည်။

**ဝန်ထမ်းများကို ဟန့်တားနှောင့်ယှက်ခြင်း (ပုဒ်မ ၁၂၄-ခ ၏ နောက်တွင် ပုဒ်မ ၁၂၄-ဃ ကို ဖြည့်စွက်ခြင်း)-** ယခု ပြင်ဆင်ချက်တွင် တပ်မတော်သားများ (သို့) အစိုးရဝန်ထမ်းများ တာဝန်ထမ်းဆောင်နေစဉ် ၎င်းတို့အား နှောင့်ယှက်ခြင်း (သို့) ဟန့်တားခြင်းသည် ရာဇဝတ်(ပြစ်မှု) ဖြစ်ကြောင်း ဖြည့်စွက်သည်။

- ပြစ်ဒဏ်မှာ ၇ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ် သည်။

**စိတ်ဓာတ် ပျက်ပြားစေခြင်း (ပုဒ်မ ၅၀၅ တွင် ပုဒ်မခွဲ-က ကို အစားထိုးခြင်း)-** ယခု ပြင်ဆင်ချက်တွင် တပ်မတော် သားများ (သို့) အစိုးရဝန်ထမ်းများ တာဝန်ထမ်းဆောင်နေစဉ် ၎င်းတို့၏ စိတ်ဓာတ်ခွန်အား၊ ကျင့်ဝတ်စည်းကမ်း၊ ကျန်းမာရေး (သို့) ဆောင်ရွက်မှုတို့ကို ဟန့်တားနှောက်ယှက်ရန် (သို့) ၎င်းတို့၏ ဆောင်ရွက်မှုကို မုန်းတီးလာစေ ရန် (သို့) သစ္စာဖောက်ဖျက်စေရန် စိတ်ဓာတ်ကို ယိမ်းယိုင်ပျက်ပြားစေလျှင် ရာဇဝတ်(ပြစ်မှု) ဖြစ်ကြောင်း အစားထိုးသည်။

- ယခင် ပုဒ်မ ၅၀၅-က မှ ၅၀၅-ဂ အထိတွင် တပ်တွင်းပုန်ကန်ခြင်း (သို့) အများပြည်သူကို ဖြစ်စေ သီးခြား လူစုကို ဖြစ်စေ ထိန့်လန့်စေလျှင် (သို့) လူအမျိုးအစားအချင်းချင်း ဖြစ်စေ လူမျိုးစုအချင်းချင်း ဖြစ်စေ တစ်ဘက်နှင့်တစ်ဘက် ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်လျှင် ရာဇဝတ်(ပြစ်မှု) ဖြစ်ကြောင်း အစားထိုး၏။
- ပြစ်ဒဏ်မှာ ၂ နှစ်အထိ ထောင်ဒဏ် (သို့) ငွေဒဏ် (သို့) ဒဏ်နှစ်ရပ်လုံး ချမှတ်သည်။

**ကြောက်ရွံ့ထိတ်လန့်စေခြင်း၊ ကောလာဟလ ဖြန့်ချိခြင်းနှင့် ရာဇဝတ်(ပြစ်မှု) ကျူးလွန်အောင် လှုံ့ဆော်ခြင်း၊ သတင်းမှားများဖြန့်ဝေခြင်းနှင့် ရာဇဝတ်မှုကျူးလွန်ခြင်းများ (ဖြည့်စွက်ချက်အသစ် ပုဒ်မ ၅၀၅-က)-** ယခု ပြင်ဆင်ချက်တွင် ပုဒ်မ ၅၀၅ ၏ နောက်၌ ပုဒ်မ ၅၀၅-က(၁) ပြည်သူလူထုအကြား ကြောက်ရွံ့ထိတ်လန့်စေခြင်း၊ ပုဒ်မ ၅၀၅-က(၂) ကောလာဟလ (မမှန်သတင်းများ) ဖြန့်ချိခြင်း၊ ပုဒ်မ ၅၀၅-က(၃) နိုင်ငံ့ဝန်ထမ်းများ ရာဇဝတ် (ပြစ်မှု) ကျူးလွန်စေရန် တိုက်ရိုက် (သို့) သွယ်ဝိုက် လှုံ့ဆော်လျှင် ရာဇဝတ်(ပြစ်မှု) ဖြစ်ကြောင်း ဖြည့်စွက်သည်။

- ပြစ်ဒဏ်မှာ ၃ နှစ်အထိ ထောင်ဒဏ် (သို့) ငွေဒဏ် (သို့) ဒဏ်နှစ်ရပ်လုံး ချမှတ်သည်။

# **ရာဇသတ်ကြီးနှင့်** ဆက်စပ်နေသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခြင်း

**သာမန် ပြစ်မှုဆိုင်ရာ တရားမျှတမှု လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးသောအခါ -**

- ဤပြစ်မှုများသည် "အာမခံမပေးနိုင်သော" ရာဇဝတ်(ပြစ်မှု)များ ဖြစ်ပြီး၊ ပုံမှန်အားဖြင့် တရားရုံးက ဆင်ခြင်တုံတရားဖြင့် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်အရ အာမခံပေးခွင့် ရှိသော်လည်း ရပိုင်ခွင့်တစ်ရပ် အဖြစ် မတောင်းဆိုနိုင်ချေ။
- (ပြဋ္ဌာန်းချက်အသစ် ပုဒ်မ ၁၂၄-ဂ အရ) နိုင်ငံတော်ပုန်ကန်ခြင်း နှင့်ဆက်စပ်ပြစ်မှုများ (သို့) လှုံ့ဆော်ခြင်း (သို့) ဟန့်တားနှောင့်ယှက်ခြင်း ဟူသော ပိုမိုကြီးလေးသော ရာဇဝတ်(ပြစ်မှု)များအတွက် အရှုယ်ရောက် ပြီးသူ အမျိုးသားများအား တရားရုံး၏ ဆင်ခြင်တုံတရားဖြင့် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်အရ အာမခံ ပေးခွင့် မရှိချေ။
- ပုဒ်မ ၅၀၅-က မှတစ်ပါး ဤပြစ်မှုများအတွက် တစ်စုံတစ်ဦးအား ဖမ်းဆီးရန်အတွက် ဝရမ်း လိုအပ်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေအရ တစ်စုံတစ်ဦးသည် ဝရမ်းမပါဘဲ ဖမ်းဆီးခံရလျှင် ၎င်းတို့ကို တရားရုံး ရှေ့မှောက် မပို့ဆောင်မီ ၂၄ နာရီကျော်ကြာအောင် ထိန်းသိမ်းထားခြင်း မပြုနိုင်ချေ။

**စစ်အုပ်ချုပ်ရေးအောက်ရှိ ဒေသများ -** ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်နှင့် ၁၅ ရက်နေ့တို့တွင် ထုတ်ပြန်ခဲ့သော အမိန့်များအရ ရန်ကုန်တိုင်း မြို့နယ် ၆ ခုကို စစ်အုပ်ချုပ်ရေးအောက်တွင် ထားရှိသည်။ ဤမြို့နယ်များတွင် အထက်ဖော်ပြပါ ရာဇဝတ်မှုများ အပါအဝင် ပြစ်မှု ၂၃ ခုကို စစ်ခုံရုံးများက ကြားနာစစ်ဆေးမည်ဖြစ်ပြီး၊ ဤ ပြစ်မှုများအတွက် ယခုလက်ရှိ အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်သော သေဒဏ် (သို့) အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်သည်။